BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

မိုးကြိုး သတင်းစဉ်

The Lightning Newsletter Special Pages

# အထူးစာမျက်နှာ

## နအဖလမ်းပြမြေပုံအား အစားထိုးမည့် လမ်းပြမြေပုံအသစ်အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၉၂) ဦးမှ ဦးဆောင်တင်ပြ၊ ပြည်သူ့လွှတ်တော်ခေါ်ယူရေးတောင်းဆို

၁၉၉၀ ရွေးကောက်ပွဲတွင် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၉၂) ဦးမှ မြန်မာပြည်တွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ခိုင်မာသောဖွဲ့ စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရန်အတွက် သဘောထားကို တင်ပြသောစာတစောင်ကို ဩဂုတ်လ (၁) ရက်နေ့နေ့စွဲနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းထံသို့ ပေးပို့ခဲ့သည်။

စာထဲတွင် မြန်မာပြည်၏နိုင်ငံရေးပြဿနာကို ဖြေရှင်းသောအခါ ကုလသမဂ္ဂအနေဖြင့် အဓိကအခန်းကဏ္ဍမှပါဝင်ရန်၊ ကုလသမဂ္ဂ၏ ကြားဝင်ကူညီဖြန်ဖြေပေးမှုနှင့် စစ်အုပ်စု၏ အဆင့် (၇) ဆင့်ပါ လမ်းပြမြေပုံကို ပြုပြင်ရန်တင်ပြထားသည်။

ပြည်တွင်းက ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၉၂) ဦး၏ အဆင့် (၇) ဆင့် လမ်းပြမြေပုံနှင့် ပတ်သက်ပြီးပြုပြင်ရန် အကြံပြုချက်သည် စစ်အစိုးရရော အတိုက်အခံအတွက်ပါ ထွက်ပေါက်တခုဖြစ်သည်။ အဲန်စီဂျီယူဘီခေါ် အဝေးရောက်ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့၏ဝန်ကြီး ဦးဘိုလှတင့်က ပြောသည်။ ကိုယ်စားလှယ်များပေးပို့သောစာထဲတွင် ညီလာခံပြီးခဲ့လျှင် ညီလာခံမှထွက်ပေါ်လာမည့်ရလဒ်ကို အစိုးရနှင့် ညီလာခံ၏ သဘောထားမည်ဖြစ်သော်လည်း၊ သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ဆက်လက်လုပ်ဆောင်ရမည်ဟု တောင်းဆိုထားသည်။

အဆိုပါစာကို ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ် မစ္စတာဘီလင်းပတ်စတိုး၊ လက်ထောက်အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေး မစ္စတာအီဘရာဟင်၊ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်များ၊ အမျိုးသားဒီမိုကရေစီ ဥက္ကဋ္ဌ ဦးအောင်ရွှေ၊ အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည့်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ အတွင်းရေးမှူး ဦးအေးသာအောင်၊ ဝါရင့်နိုင်ငံရေးသမားများနှင့် ၈၈ မျိုး ဆက်ကျောင်းသားများထံသို့ မိတ္တူပေးပို့ထားသည်။ အဆိုပါစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျွန်ုပ်တို့မှာလည်း
ဤအတုအယောင်အခြေခံဥပဒေ
ကိုဆန့်ကျင်ရန် ပြည်သူလူထုနှင့်
ပူးပေါင်းရပါလိမ့်မည်။
ဆန္ဒခံယူပွဲကို
ဆန့်ကျင်မဲပေးရန်
မြန်မာပြည်သူတို့အား
ဦးဆောင်ပညာပေး
စည်းရုံးရလိမ့်မည်ဖြစ်ပါသည်။



ဂုဏ်သရေရှိ လူကြီးမင်းခင်ဗျား ... ...

၂၀၀၇ ခု၊ ဇူလိုင် (၁၈) ရက်တွင် လူကြီးမင်းက ကြေညာချက်တစောင်ထုတ်ပြန်ပြီး နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (နအဖ) (မြန်မာနိုင်ငံ၏ အာဏာရစစ်အစိုးရ) ကို *"မြန်မာ့အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်စဉ်တွင် သက်ဆိုင်သူအဖွဲ့ အားလုံး မိမိတို့တိုင်းပြည်၏အနာဂတ်ကို သတ်မှတ်ပြဋ္ဌာန်းရာ၌ အပြည့်အဝအကျိုးပြုခွင့်ရစေရေး မျှော်မှန်းလျက်၊ ဤအခွင့်အလမ်းကိုအသုံးချကာ မြန်မာနိုင်ငံ၏ နိုင်ငံရေး လမ်းပြမြေပုံ ယခုအဆင့်နှင့် လာမည့်အဆင့်များသည် ဖြစ်နိုင်သမျှအကျယ်ပြန့်ဆုံး၊ ပါဝင်ဆောင်ရွက်မှုအရှိဆုံးနှင့် ပွင့်လင်းမြင်သာအရှိဆုံးဖြစ်အောင် အာမခံဖို့"* တိုက်တွန်းခဲ့ပါသည်။

မြန်မာနိုင်ငံကိစ္စတွင် လူကြီးမင်းအနေဖြင့် အားကြိုးမာန်တက် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ပတ်သက်ခြင်းကို ကျွန်ုပ်တို့ ကျေးဇူးတင်ရှိပါသည်။ မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေး အဆင်ပြေချောမွေ့အောင် လူကြီးမင်း၏ အကျိုးဆောင်အခွင့်အာဏာများ အောင်မြင်လိမ့်မည်ဟုလည်း ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ၁၉၉၀ အထွေထွေရွေးကောက်ပွဲတွင် မြန်မာပြည်သူတို့က ရွေးကောက်တင်မြှောက်ခဲ့သော ကျွန်ုပ်တို့သည် ကုလသမဂ္ဂအဖွဲ့ကြီးနှင့်လည်းကောင်း၊ လူကြီးမင်း၏အကျိုးဆောင်ပေးမှုနှင့်လည်းကောင်း အပြည့်အဝပူးပေါင်းဆောင်ရွက်ပြီး မြန်မာနိုင်ငံပြဿနာများကို အဓိပ္ပာယ်ရှိ၍ အားလုံးပါဝင်လွှမ်းခြုံကာ ပွင့်လင်းမြင်သာသော တွေ့ဆုံဆွေးနွေးမှုဖြင့် ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ဖို့ ကြိုးပမ်းသွားမည်ဖြစ်ကြောင်း အာမခံအပ်ပါသည်။

ကျွန်ုပ်တို့အားလုံးသည် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရေးအတွက် မဆုတ်မနစ်လုပ်ဆောင်နေချိန်တွင် နအဖဖက်မှ အင်အားသုံး၊ ခြိမ်းချောက်၊ ဖိအားပေး၊ အကွက်ဖန်၍ တဖက်သတ်ဆောင်ရွက် ဖြေရှင်းမှုမှန်သမျှကို လက်ခံလိမ့်မည်မဟုတ်ကြောင်း ရှင်းရှင်းလင်းလင်း ကြေညာလိုပါသည်။ လူကြီးမင်းသိထားသည့်အတိုင်း နအဖသည် အဆင့် (၇) ဆင့်ပါ လမ်းပြမြေပုံမှတဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အားဖြင့် ၎င်း၏စစ်အုပ်စိုးမှုတရားဝင်စေမည့်လမ်းကြောင်းပေါ် လျှောက်လှမ်းနေပါသည်။ ဤလမ်းပေါ်တွင် ပထမအဆင့်မှာ ၎င်းစိတ်ကြိုက်ရွေးထားသည့် ကိုယ်စားလှယ်များပါဝင်သော အမျိုးသားညီလာခံပင်ဖြစ်ပါသည်။

ဤအခြေခံဥပဒေရေးဆွဲရေးဖြစ်စဉ်တွင် ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်ခွင့်မရပါ။ ညီလာခံကိုယ်စားလှယ်အားလုံးသည် နအဖမှ ကြိုတင်ရေးသားထားသော အခန်းများ၊ အခြေခံမူများကို မဖြစ်မနေသဘောတူရသည်။ ယင်းမူများက ကာကွယ်ရေးဦးစီးချုပ်ကို အာဏာကုန်ပေးထားပါသည်။ ပြည်သူလူထုများမှာ မိမိတိုင်းပြည်အနာဂတ် နှင့်ပတ်သက်၍ အသံမထွက်ဖို့ နအဖအမိန့် ၅/၉၆ ဖြင့် ခြိမ်းချောက်ထားခြင်းခံနေရရာ အမျိုးသားညီလာခံကို ဝေဖန်သူများအား နှစ်ရှည်ထောင်ဒဏ်ချမှတ်ဖို့ စီစဉ်ထားပါသည်။

အကယ်၍ နအဖက ပြည်သူ့ကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းလည်းမပြု၊ မြန်မာပြည်သူတို့၏ ဆန္ဒအစစ်အမှန်နှင့် လူကြီးမင်းအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်း၏ ထပ်တလဲလဲပန်ကြားချက်များကိုလည်း နားမထောင်ဘဲ ၎င်း၏ (၇) ဆင့် လမ်းပြမြေပုံကို ဆက်လက် အကောင် အထည်ဖော်ပါက နအဖစိတ်တိုင်းကျအခြေခံဥပဒေကို တိုင်းရင်းသားလူမျိုးစုများအပါအဝင် မြန်မာပြည်သူများက ဆန့်ကျင်စိန်ခေါ်မည်မှာ မြေကြီးလက်ခတ်မလွဲဖြစ်ပါသည်။ ကျွန်ုပ်တို့မှာလည်း ဤအတုအယောင်အခြေခံဥပဒေကိုဆန့်ကျင်ရန် ပြည်သူလူထုနှင့် ပူးပေါင်းရပါလိမ့်မည်။ ဆန္ဒခံယူပွဲကို ဆန့်ကျင်မဲပေးရန် မြန်မာပြည်သူတို့အား ဦးဆောင်ပညာပေးစည်းရုံးရလိမ့်မည်ဖြစ်ပါသည်။ ကျွန်ုပ်တို့အား မဲပေး ရွေးကောက်ခဲ့ကြသော ပြည်သူတို့၏မျှော်လင့်ချက်ကို အချည်းနှီးမဖြစ်စေရဟု မြန်မာပြည်သူတို့အား ကျွန်ုပ်တို့ ကတိပေးပါသည်။

အဆိုပါပေါက်ကွဲမှတ်သို့မရောက်မီ ကုလသမဂ္ဂနှင့် လူကြီးမင်းတို့၏ ကြားဝင်အကျိုးဆောင်မှုများသည် လာမည့် မြန်မာ့အမျိုးသားအကျပ်အတည်းကို ရှောင်ရှားနိုင်ဖို့ အရေးပါသည့်အခန်းမှ ပါဝင်ဆောင်ရွက်နိုင်လိမ့်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ လူကြီးမင်း၏ ကြားဝင်စေ့စပ်ပေးမှုအားဖြင့် လက်ရှိ (၇) ဆင့် လမ်းပြမြေပုံကို ပြင်ဆင်မွမ်းမံရန် ကျွန်ုပ်တို့က အောက်ပါအတိုင်း အဆိုပြုလိုပါသည်။

(၁) နအဖသည် အမျိုးသားညီလာခံကို မြန်နိုင်သမျှ အမြန်ဆုံးပြီးအောင် အဆုံးသတ်ရပါမည်။ အမျိုးသားညီလာခံမှရလဒ်ကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာ၌ ထည့်သွင်းစဉ်းစားနိုင်စရာ နအဖနှင့်အမျိုးသားညီလာခံကိုယ်စားလှယ်တို့၏ အဆိုပြုချက်များအဖြစ် သဘောထားရန်ဖြစ်ပါသည်။

(၂) လမ်းပြမြေပုံ၏ အဆင့် (၂) ကို နအဖနှင့် အဖွဲ့ချုပ်မှရွေးကောက်ခံကိုယ်စားလှယ်များ၊ တိုင်းရင်းသားနိုင်ငံရေးပါတီများမှ ရွေးကောက်ခံကိုယ်စားလှယ်များအကြား အဓိပ္ပာယ်ရှိသည့် နိုင်ငံရေးအရ စေ့စပ်ဆွေးနွေးမှုအဖြစ် ပြင်ဆင်ပြောင်းလဲရမည်ဖြစ်ပါသည်။ စေ့စပ်ဆွေးနွေးပွဲ၌ အမျိုးမျိုးအဖုံဖုံသော တနိုင်ငံလုံးဆိုင်ရာအရေးကိစ္စများ၊ လမ်းပြမြေပုံ၏ ကျန်ရှိသည့်အဆင့်များ အကောင်အထည်ဖော်ဖို့ လုပ်ထုံးလုပ်နည်းများနှင့် အချိန်ဇယားတို့ကိုလည်းကောင်း၊ အသွင်ပြောင်းရေးကာလအတွင်း ၁၉၉၀ ရွေးကောက်ပွဲများမှ ရွေးကောက်ခံရသည့် ကိုယ်စားလှယ်တို့၏ အခန်းကဏ္ဍကိုလည်းကောင်း ဆွေးနွေးညှိနှိုင်းသဘောတူချက် ယူရမည်ဖြစ်ပါသည်။

(၃) အဆင့်သုံးတွင် နအဖမှကိုယ်စားလှယ်များ၊ အဖွဲ့ချုပ်မှကိုယ်စားလှယ်များနှင့် တိုင်းရင်းသားနိုင်ငံရေးပါတီ၊ အပစ်ရပ်အဖွဲ့များမှ ကိုယ်စားလှယ်များ အရေအတွက်တူညီစွာဖြင့် အခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မတီကို ဖွဲ့စည်းတည်ထောင်ရန်ဖြစ်ပါသည်။ အခြေခံဥပဒေကို အမျိုးသားညီလာခံမှ ရလဒ်အပေါ်တွင်လည်းကောင်း၊ အခြားအဖွဲ့များမှ အကြံပြုချက်များ အပေါ်တွင်လည်းကောင်း အခြေခံ၍ ရေးဆွဲရန်ဖြစ်ပါသည်။ အခြေခံဥပဒေမူကြမ်းကို မြန်မာပြည်သူတို့ နားလည်သဘောပေါက်ဆွေးနွေးသဘောထားပေးနိုင်ရန် တင်ပြပြီး ရရှိချက်များကို နောက်ဆုံးအခြေခံ ဥပဒေမူကြမ်းတွင် ထည့်သွင်းရန်ဖြစ်ပါသည်။

(၄) အဆင့်လေးမှာ နောက်ဆုံးအပြီးသတ်အခြေခံဥပ

■ စာမျက်နှာ (ဃ) ကော်လံ (၁) သို့ ...

## မြန်မာနိုင်ငံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၉၂ ဦး အဆိုပြုတောင်းခံချက်ကို ၈၈ မျိုးဆက်ကျောင်းသားများမှ ထောက်ခံခြင်း၊

သို့/
မစ္စတာ ဘန်ကီမွန်း
အတွင်းရေးမှူးချုပ်
ကမ္ဘာ့ကုလသမဂ္ဂ

နေ့စွဲ – ၂၀၊ ဩဂုတ်လ၊ ၂၀၀၇

အကြောင်းအရာ။ ။ မြန်မာနိုင်ငံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၉၂) ဦး၏ အဆိုပြုတောင်းခံချက်ကို ၈၈ မျိုးဆက်ကျောင်းသားများမှ ထောက်ခံခြင်း။

လေးစားအပ်ပါသော ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ခင်ဗျား ...

သင်နှင့် သင်၏အထူးသံတမန် မစ္စတာအီဘရာဟင်ဂမ်ဘာရီတို့၏ မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် အလေးအနက် မရပ်မနားလုပ်ဆောင်မှုများအပေါ် အထင်ကြီးလေးစားမိပါကြောင်း ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့ကိုယ်စား ကျွန်ုပ်မင်းကိုနိုင်က ထုတ်ဖော်ပြောကြားလိုပါသည်။ စစ်အာဏာရှင်အစိုးရ၏ လက်ကိုင်တုတ်သဖွယ်ဖြစ်သော ကြံ့ဖွံ့အဖွဲ့သည် ကျွန်ုပ်တို့နှင့် အခြားမြန်မာနိုင်ငံဒီမိုကရေစီလှုပ်ရှားဆောင်ရွက်သူများအား နှောက်ယှက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြပါသည့်ဆိုသည့်အကြောင်း မစ္စတာဂမ်ဘာရီအား ၂၀၀၇ ဇွန်လ (၄) ရက်နေ့စွဲဖြင့် စာတစောင်ဖြင့်ပေးပို့အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။ ၂၀၀၇ ဇွန်လ (၂၇) ရက်နေ့စွဲဖြင့်ပေးပို့သောစာတွင်လည်း မစ္စတာဂမ်ဘာရီအား အမျိုးသားညီလာခံကို လူထုကိုယ်စားလှယ်များ၏ ပူးပေါင်းပါဝင်မှုများနှင့်အတူ ပိုမိုဂုဏ်သိက္ခာရှိသော အမျိုးသားညီလာခံဖြစ်လာစေရန်တွက် ကျွန်ုပ်တို့အကြံပြုထားပြီးဖြစ်ပါသည်။ ယခု ကျွန်ုပ်အနေနှင့် ဖော်ပြလိုသည်မှာ ကမ္ဘာ့ကုလသမဂ္ဂနှင့် လူကြီးမင်းတို့၏ သက်ဆိုင်ရာရုံးအသီးသီးတို့အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၉၂) ဦးမှ အဆိုပြုထားသော လက်ရှိလမ်းပြမြေပုံ အချက် ၇ ချက်ကို ပြုပြင် ပြောင်းလဲရာတွင် စစ်အာဏာရှင်အစိုးရက လက်ခံလာနိုင်အောင် လုပ်ဆောင်ပေးပါရန် ဩဂုတ်လ (၁) ရက် ၂၀၀၇ နေ့စွဲပါစာဖြင့် တောင်းဆိုထားသော အဆိုပြုချက်ကို ကျွန်ုပ်တို့မှ ထောက်ခံပါကြောင်းဖော်ပြလိုပါသည်။

ကျွန်ုပ်တို့ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့ကို ၁၉၈၈ မြန်မာနိုင်ငံအနှံ့အပြား ဒီမိုကရေစီရေးအတွက် ဆန္ဒပြရာမှ ပေါ်ပေါက်ခဲ့သော ရှစ်လေးလုံးအရေးတော်ပုံကို ဦးဆောင်လှုပ်ရှားခဲ့ပြီး နောက်ပိုင်းတွင် နအဖစစ်အစိုးရ၏ ဖမ်းဆီးထောင်ချခြင်းခံခဲ့ကြရသော ကျောင်းသားခေါင်းဆောင်များဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။ ကျွန်ုပ်တို့အားလုံးသည် ဆယ်စုနှစ်တခုလုံးကို အကျဉ်းထောင်ထဲ၌ပင် ကုန်ဆုံးဖြတ်သန်းခဲ့ရပြီး အကျဉ်းကျစဉ်ကာလများတွင်လည်း ပြင်းထန်စွာ ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံခဲ့ကြရပါသည်။ ကျွန်ုပ်တို့ လွတ်မြောက်လာပြီးချိန်မှစ၍ ယနေ့တိုင်ပင် ကျွန်ုပ်တို့နိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် အကြမ်းမဖက်လှုပ်ရှားမှုများကို မမောမပမ်း စွမ်းစွမ်းတမန် ဆက်လက်လုပ်ဆောင်နေခဲ့ပါသည်။ နအဖအစိုးရနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသား နိုင်ငံရေးပါတီများ၏ အဓိပ္ပါယ်ရှိသော သုံးပွင့်ဆိုင် နိုင်ငံရေးဆွေးနွေးပွဲပေါ်ထွက်လာမှုသည်သာလျှင် ယနေ့ ကျွန်ုပ်တို့မြန်မာနိုင်ငံရင်ဆိုင်နေရသော နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခက်အခဲ ပြဿနာများကို ဖြေရှင်းနိုင်သောနည်းလမ်းဖြစ်သည်ဟု ကျွန်ုပ်တို့အလေးအနက် ယုံကြည်ထားပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် လက်ရှိလမ်းပြမြေပုံ (၇) ချက်အားပြင်ဆင်ရန် အဆိုပြုထားသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၉၂) ဦး၏ အဆိုပြုချက်ကို အပြည့်အဝထောက်ခံပါသည်။ ထိုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ၁၉၉၀ အထွေထွေရွေးကောက်ပွဲတွင် မြန်မာပြည်သူလူထု ရွေးချယ်မဲပေးခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြပါသည်။ ထို့ပြင် မြန်မာနိုင်ငံအား လွတ်လပ်သော၊ တရားမျှတသော၊ နိုင်ငံသားအားလုံး တန်းတူအခွင့်အရေး ရရှိနိုင်သော ဒီမိုကရေစီနိုင်ငံအဖြစ် တည်ထောင်နိုင်ရန်အတွက် မြန်မာလူထုက တာဝန်လွှဲအပ်ပေးထားခြင်းခံရသူများလည်း ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် နအဖ၏ လမ်းပြမြေပုံ (၇) ချက်အား သင်တို့ကိုယ်တိုင်နှင့် နိုင်ငံတကာအဖွဲ့အစည်းများက အကြံပြုထားသည့်အတိုင်း အစအဆုံးပြည့်စုံပါဝင်သော၊ လူထု လက်ခံပူးပေါင်းပါဝင်သော၊ ပွင့်လင်းမြင်သာသော၊ ဒီမိုကရေစီကျသော လမ်းပြမြေပုံတခုအဖြစ် ပြုပြင်ပြောင်းလဲရန်ဟူသော ယင်းလွှတ်တော်ကိုယ်စားလှယ်များ၏ အဆိုပြုချက်ကို အပြည့်အဝထောက်ခံအားပေးပါသည်။ သင်နှင့် သင်၏ အထူးသံတမန် မစ္စတာဂမ်ဘာရီတို့အနေနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ယင်းလွှတ်တော်ကိုယ်စားလှယ် (၉၂) ဦး၏ အဆိုပြုချက်အား ထောက်ခံအားပေးလာအောင်နှင့် နအဖအစိုးရကလည်း ထိုအဆိုပြုချက်ကို လက်ခံလာအောင်လုပ်ဆောင်ပေးနိုင်လိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်မိပါသည်။ ထိုအဆိုပြုချက်သည်ပင်လျှင် ကျွန်ုပ်တို့တိုင်းပြည်အကျိုးအတွက် နအဖ၊ အဲန်အယ်ဒီနှင့် တိုင်းရင်းသားကိုယ်စားပြုပါတီများအကြား အောင်မြင်သော ညှိနှိုင်းဆွေးနွေးမှုဖြစ်ပေါ်လာရေးအတွက် လမ်းခင်းပေးနေသည်ဟုလည်း ယုံကြည်မိပါသည်။

ဩဂုတ်လ (၈) ရက်၊ ၂၀၀၇၊ (၁၉) ကြိမ်မြောက် ရှစ်လေးလုံး နှစ်ပတ်လည်နေ့၌ ထုတ်ပြန်ခဲ့သော ၈၈ မျိုးဆက်ကျောင်းသားများကြေညာချက် – ၁၅/၂၀၀၇ ကိုလည်း ကျွန်ုပ်တို့မူဝါဒနှင့်ရပ်တည်ချက်ကို သိသာထင်ရှားစေရန် ပူးတွဲပေးပို့လိုက်ပါသည်ခင်ဗျား။

လေးစားစွာဖြင့်
မင်းကိုနိုင်
၈၈ မျိုးဆက်ကျောင်းသားများကိုယ်စား (မြန်မာနိုင်ငံ)

## ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)

## U.N.L.D (L.A)

UNITED NATIONALITIES LEAGUE FOR DEMOCRACY
(LIBERATED AREAS)
P.O. Box - 49, Chiang Mai University P.O, Chiang Mai 50202, THAILAND
Tel: & Fax: +66- 0 53216 044, +66- (0) 8 5252 5496, E-mail: uncleeld@loxinfo.co.th

### ပြည်တွင်းပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၉၂) ဦးမှ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးသို့ ၂၀၀၇ ခု ဩဂုတ်လ (၁) ရက်နေ့တွင် ပေးပို့သည့်စာအပေါ် UNLD (LA) ၏ သဘောထားထုတ်ပြန်ကျေညာချက်

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၉၂) ဦးမှ ၂၀၀၇ ခု၊ ဩဂုတ်လ (၁) ရက်နေ့ နေ့စွဲပါ ကမ္ဘာ့ကုလသမဂ္ဂသို့တင်ပြထားသော အချက် (၇) ချက်ပါသည့် တင်ပြချက်နှင့်ပတ်သက်၍ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) မှ အောက်ပါအတိုင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

- ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၉၂) ဦးမှ ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့ နေ့စွဲပါ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးသို့တင်ပြထားသော အချက် (၇) ချက်ပါသည့် တင်ပြချက်သည် ၁၉၉၀ ခု ရွေးကောက်ပွဲရလာဒ်နှင့်သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းအပေါ် ဆက်စပ်မှုရှိသည်ဟု ရှုမြင်၍သုံးသပ်မိပါသည်။
- ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) UNLD (LA) အနေဖြင့် ယင်းတင်ပြချက်များအပေါ် ကြိုဆိုထောက်ခံပြီး တတ်နိုင်သမျှ ပံ့ပိုးပါဝင်သွားမည်ဖြစ်သည်။
- ကမ္ဘာ့ကုလသမဂ္ဂနှင့် နိုင်ငံတကာတို့မှ ယင်းတင်ပြချက်များ ဖြစ်ပေါ်လာနိုင်ရန် တွန်းအားပေးသင့်ကြောင်း သုံးသပ်မိပါသည်။
- နအဖစစ်အုပ်စုသည် တိုင်းပြည်နှင့် ပြည်သူအပေါ်အမှန်တကယ် ချစ်မြတ်နိုးပါက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၉၂) ဦး၏တင်ပြချက်အပေါ် လက်ခံဆောင်ရွက်သင့်ကြောင်းနှင့် လက်ခံဆောင်ရွက်ခြင်းမပြုပါက ဖြစ်ပေါ်လာမည့် တိုင်းပြည်၏ပြဿနာ အရပ်ရပ်သည် နအဖတွင်သာ လုံးဝတာဝန်ရှိမည်ဖြစ်ကြောင်း သတိပေးထုတ်ပြန်ကျေညာအပ်ပါသည်။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)

United Nationalities League for Democracy (Liberated Areas) UNLD (LA)
ရက်စွဲ။ ။ သက္ကရာဇ် ၂၀၀၇ ခုနှစ် ဩဂုတ်လ (၁၈) ရက်

Contact Persons:
(1) Khun Manko Ban 08 5252 5496
(2) Makaw Khun Sa 08 4366 4238
(3) Lian H. Sakhong 08 1029 6100

## ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ (မြန်မာပြည်ဆိုင်ရာကိုယ်စား) မစ္စတာဂမ်ဘာရီထံမှ ပူကျင့်ရှင်းထန်ထံသို့ ပြန်လည်ပေးပို့သည့်စာ



လူကြီးမင်းခင်ဗျား ...

ခင်ဗျားတို့ ရေးတဲ့စာရလို့ အထွေထွေအတွင်းရေးမှူးကိုယ်စား ဝမ်းသာကြောင်း အကြောင်းကြားပါတယ်။

ခင်ဗျားတို့စာထဲမှာပါသလို အထွေထွေအတွင်းရေးမှူးမှ လူသိရှင်ကြားပြောထားသည် မှာ အမျိုးသားညီလာခံအတွင်း ပတ်သက်တဲ့အဖွဲ့တိုင်းပါဝင်ဖို့ အရေးကြီးကြောင်း ပြောကြားခဲ့ပြီးဖြစ်တယ်။ မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး ကျနော်သည် အထွေထွေအတွင်းရေးမှူးအား အကြံဉာဏ်ပေးသူအနေဖြင့် ခင်ဗျားတို့တင်တဲ့စာကို ပြည်တွင်းပြည်ပက လူတွေကို အရေးကြီးကြောင်းပြောပါတယ်။

ခင်ဗျားတို့ကို အာမခံပြောလိုတာက အထွေထွေအတွင်းရေးမှူးသည် မြန်မာပြည်မှာ လူ့အခွင့်အရေးနှင့် ကုလသမဂ္ဂအထွေထွေ ညီလာခံရဲ့ ဆုံးဖြတ်ချက်များကို လိုက်နာရေး၊ ပြည်သူလူထုရင်ကြားစေ့ရေး၊ ဒီမိုကရေစီနိုင်ငံအဖြစ်ပြောင်းလဲရေးတို့ကို လေးလေးနက်နက် ဆောင်ရွက်ကြောင်း အသိပေးလိုပါသည်။ ထို့ကြောင့် ရှေ့ဆက်ပြီး မြန်မာပြည်နှင့်ပတ်သက်လာရင် ခင်ဗျားတို့ လွှတ်တော်ကိုယ်စားလှယ်များနှင့် လက်တွဲဆောင်ရွက်ကြရန် မျှော်မှန်းထားကြောင်း အသိပေးပါတယ်။

အီဘရာဟင် ဂမ်ဘာရီ
အထွေထွေအတွင်းရေးမှူးရဲ့ အထူးအကြံပေးအရာရှိ

ပူကျင့်ရှင်းထန်
လွှတ်တော်ကိုယ်စားလှယ်များ (ရန်ကုန်)

# ပြည်သူတွေရေးဆွဲတဲ့ ပြည်သူ့အတွက် ပြည်သူ့လမ်းပြမြေပုံ...

ဂါမဏိ

❑ နအဖရဲ့ ညောင်နှစ်ပင်အခြေခံဥပဒေတွေ၊ ဆန္ဒခံယူပွဲတွေ၊ လမ်းပျက်မြေပုံတွေကို ပြည်သူလူထုက လုံးဝပယ်ချပစ်ဖို့ တပ်လှန့်အချက်ပေးလိုက်တာ ဖြစ်ပါတယ်။ ဒါကြောင့် ကျန်တဲ့ ကျနော်တို့ ဒီမိုကရေစီအင်အားစုတွေတာဝန်က ဒါကို ပြည်သူလူထုထဲရောက်အောင် ဖြန့်ဖို့၊ တိုက်ပွဲလှုံ့ဆော်ဖို့ဖြစ်ပါတယ်။ ❑



မြန်မာပြည်ကို ကမ္ဘာဆုံးတိုင် စစ်အာဏာရှင်စနစ်အောက်သွတ်သွင်းဖို့ နအဖစစ်အုပ်စုရဲ့ ဦးနှောက်တထွာတမိုက်နဲ့ ဆွဲထားတဲ့ လမ်းပျက်မြေပုံကို အလားတူ ဦးနှောက်တထွာတမိုက်ရှိသူတွေက အမွန်းတင် မိတ်ကပ်လိမ်းပေးနေတာ အားလုံးအသိပါဘဲ။ တဖက်မှာလဲ ကျနော်တို့ ဒီမိုကရေစီအင်အားစုတွေဘက်မှ လောက်လောက်လားလား လမ်းပြမြေပုံမရှိရကောင်းလားလို့ တရုတ်ကြီးအပါအဝင် နိုင်ငံတကာပိုင်းတချို့က မေးငေါ့တာတွေ ကြုံရပါတယ်။ အခုတော့ ဒါတွေကို တန်ပြန်နိုင်ဖို့ ကျနော်တို့ ၁၉၉၀ မှာ ရွေးကောက်တင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေက အင်မတန့်ကို ရှင်းလင်းပြတ်သားတဲ့ လမ်းပြမြေပုံကို ပြည်သူလူထုအတွက် ရေးဆွဲလိုက်ပါပြီ။

အဆင့်မြင့်အင်္ဂလိပ်ဘာသာနဲ့ အင်မတန်လှပစွာရေးဆွဲထားတဲ့ ဒီလမ်းပြမြေပုံဟာ နအဖညောင်နှစ်ပင်ညီလာခံ ဘာလဲဆိုတာကို ပြည်သူလူထုကို အင်မတန့်ကို ရှင်းလင်းပြတ်သားစွာ ဖွင့်ချထားပါတယ်။ ပြည်သူ့လမ်းပြမြေပုံရဲ့ အဆင့် (၁) မှာ ညောင်နှစ်ပင်ညီလာခံတင်မကဘဲ နအဖရဲ့ လမ်းပျက်မြေပုံ (၇) ဆင့်စလုံးကို မြောင်းထဲကန်ချပစ်လိုက်ပါတယ်။ ညောင်နှစ်ပင်က ထွက်လာမယ့်ဟာ ဘာကြီးဘဲထွက်လာလာ *နအဖကပုံနှိပ်ထုတ်ဝေတဲ့ စက္ကူတရွက်*အဆင့်သာရှိပြီး တနိုင်ငံလုံး မလွဲမသွေလိုက်နာရမယ့် အခြေခံဥပဒေမဟုတ်ဘူးလို့ ရှင်းရှင်းပြောလိုက်ခြင်းဖြင့် နအဖရဲ့ညီလာခံ၊ နအဖရဲ့ ပြည်သူ့ဆန္ဒခံယူပွဲ၊ နအဖရဲ့ ရွေးကောက်ပွဲသစ်တွေကို အပြီးအပြတ် ပယ်ချပစ်လိုက်တာဖြစ်ပါတယ်။

ကျနော်တို့ ဒီဘက်ကအတိုက်အခံတွေက နအဖလမ်းပျက်မြေပုံကို အဆင့်တိုင်းမှာ တိုက်ဖျက်ရေး ဗျူဟာချထားပါတယ်။ ဒါပေမဲ့ ပြည်သူ့ကိုယ်စားလှယ်တွေရဲ့ လမ်းပြမြေပုံကတော့ နအဖအဆင့်အားလုံးကို အဆင့် (၁) မှာတင် နင်းချေပစ်လိုက်တာဖြစ်ပါတယ်။ ဒါဟာ ၂၀၀၄ ခု၊ မေ (၁၄) ရက်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ထုတ်ပြန်ခဲ့တဲ့အတိုင်း ဦးတည်ချက် (၆) ရပ်တို့၊ အခြေခံမူ (၁၀၄) ချက်တို့ဟာ (နအဖဘက်ကတင်ပြတဲ့) စဉ်းစားရန်အချက်များသာ ဖြစ်ရမယ်ဆိုတာနဲ့လဲ လုံးဝကိုက်ညီနေပါတယ်။

ပြည်သူ့လမ်းပြမြေပုံရဲ့ ထက်မြက်မှုနဲ့ လှပမှုကတော့ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အခြေခံဥပဒေချဖို့ အဓိကတာဝန်ကို ပြတ်ပြတ်သားသား ဖော်ပြလိုက်တာပဲဖြစ်ပါတယ်။ လမ်းပြမြေပုံ အဆင့် (၄) မှာ နအဖရဲ့ “ဥပဒေကဲ့သို့ အာဏာတည်သော” ၁/၉၀ ပြဋ္ဌာန်းချက်ကို အတိအကျယူပြီး အခြေခံဥပဒေနဲ့ပတ်သက်လို့ ၁၉၉၀ ခု၊ ရွေးကောက်ခံပြည်သူ့ကိုယ်စားလှယ်တွေနဲ့ဖွဲ့စည်းထားတဲ့ ပြည်သူ့လွှတ်တော်ကို အာဏာကုန်အပ်ထားတယ်။ *ဒါကြောင့် ဆန္ဒခံယူပွဲလုပ်ဖို့တောင် ထည့်မထားပါဘူး။* အဆင့် (၃) မှာ နအဖ၊ အဖွဲ့ချုပ်၊ တိုင်းရင်းသားပါတီ၊ အပစ်ရပ်တိုင်းရင်းသား သုံးပွင့်ဆိုင်ပေါင်းပြီး အခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မတီဖွဲ့ဖို့ ပြောထားတာက *မူကြမ်းဆွဲဖို့*သာဖြစ်တယ်။ အခြေခံဥပဒေဆွဲ ဖို့ (သို့မဟုတ်) အခြေခံဥပဒေချဖို့ပြောတာမဟုတ်ပါဘူး။ အဆင့် (၃) ဟာ မူကြမ်းအဆင့်ပဲဖြစ်တယ်။ အဆင့် (၄) ကမှ နောက်ဆုံးအပြီးသတ်အခြေခံဥပဒေဖြစ်တယ်။ ဒါကြောင့် အဆင့် (၄) က အခရာဖြစ်ပါတယ်။ ဒါဟာ ၁/၉၀ နဲ့ လုံးဝကိုက်ညီနေပါတယ်။

အဆင့် (၃) မှာ အခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မတီထဲ နအဖကိုထည့်ထားပြီး နအဖညောင်နှစ်ပင်က ထွက်လာမယ့်ဟာကို “အခြေခံရေးဆွဲဖို့” ပြောထားတာကတော့ အတိုက်အခံတွေခေါင်းမာတယ်။ ပျော့ပြောင်းမှုမရှိဘူးလို့ ပြည်တွင်းပြည်ပက ဉာဏ်တထွာတမိုက်သမားတွေ ပြောနေတာတွေကို တန်ပြန်တဲ့အနေနဲ့ရော၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအနေနဲ့ပါ ထည့်ထားတာဖြစ်တယ်။ ဒါပေမဲ့ စိတ်ကူးမယဉ်ဘဲ ပြည်သူ့ဘက်ရပ်တည်ရေးမူ စွဲစွဲမြဲမြဲဆုပ်ကိုင်ထားတာကိုတော့ အဆုံးအဖြတ်ကျတဲ့ အဆင့် (၄) မှာတွေ့ရပါတယ်။

နောက်ထပ်လှပမှုတွေကတော့ ဒေါ်အောင်ဆန်းစုကြည်နာမည်ကို တလုံးမှထည့်မထားတာဖြစ်တယ်။ ဗမာပြည်ဒီမိုကရေစီသမား တွေဟာ ဒေါ်အောင်ဆန်းစုကြည်မပါရင် ဘာမှမလုပ်တတ်ဘူး။ ဒေါ်အောင်ဆန်းစုကြည်လွှတ်ရေး တောင်းဆိုတာကလွဲရင် ဘာမှမလုပ်တတ်ဘူးလို့ ဦးနှောက်တထွာတမိုက်သမားတွေ ပြောနေကြတာကို ဒီလမ်းပြမြေပုံမှာ လှလှပပကျော်လွှားထားတယ်။ အခု လမ်းပြမြေပုံ (၇) ဆင့်စလုံးမှာ ဒေါ်အောင်ဆန်းစုကြည်နာမည်၊ ဒီမိုကရေစီနာမည်၊ ဖက်ဒရယ်နာမည်တွေ ဘာတခုမှ ထည့်မထားပါဘူး။ ဒါပေမဲ့ အဆင့် (၂) မှာ နအဖ၊ အဖွဲ့ချုပ်အမတ်၊ တိုင်းရင်းသားအမတ်တွေ သုံးပွင့်ဆိုင်တွေ့ဆုံပြီး “အမျိုးမျိုးအဖုံဖုံသော တနိုင်ငံလုံးဆိုင်ရာအရေးကိစ္စများနှင့် လုပ်ထုံးလုပ်နည်းများ” ဆွေးနွေးရန်ဆိုတာ အင်မတန်ကျယ်ပြန့်ပြီး အင်မတန်လှတဲ့ အကွက်ဖြစ်ပါတယ်။ ဒီခေါင်းစဉ်အောက်မှာ တိကျတဲ့ ရှေ့လုပ်ငန်းစဉ်အပါအဝင် အမျိုးမျိုးထည့်လို့ရပါတယ်။

ဒီပြည်သူ့လမ်းပြမြေပုံဟာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဆီ ခေါင်းတပ်ထားတာဖြစ်လို့ အင်္ဂလိပ်ဘာသာနဲ့ဘဲထုတ်ထားပြီး မြန်မာဘာသာနဲ့ထုတ်မထားပါဘူး။ ဒါကြောင့် အင်္ဂလိပ်စာအားနည်းသူတွေအဖို့ နားလည်မှုလွဲတာတွေ ဖြစ်နိုင်ပါတယ်။ အဲဒီတော့ ဒီလမ်းပြမြေပုံဟာ ကျနော်တို့ဒီမိုကရေစီသမားတွေ နဂိုမူလကချထားတဲ့ တရားကိုယ်တွေ၊ အခြေခံမူတွေနဲ့ ကွဲလွဲမှုရှိမရှိကို အင်္ဂလိပ်စာကြိုးစားအားထုတ်ပြီး ကြိုက်သလို ဆန်းစစ်ကြည့်ကြပါ။ အဘက်ဘက်က မှတ်ကျောက်တင်ခံနိုင်ပါတယ်။ ကျနော့်အနေနဲ့ တတ်သလောက်မှတ်သလောက် အင်္ဂလိပ်စာလေးနဲ့ ဖတ်ကြည့်တာတော့ အားလုံးရှင်း၊ အားလုံးမှန်ကန်နေတာတွေ့ရပါတယ်။

ပူကျင့်ရှင်းထန်ဆိုတာ မဆလခေတ် မတိုင်မီ ဟိုးအရင်ခေတ် အင်္ဂလိပ်စာတတ်ခရစ်ယာန်ဘာသာဝင် ချင်းအဖိုးကြီးဖြစ်ပါတယ်။ အမေရိကန်နိုင်ငံက ကမ္ဘာကျော် ဝါရှင်တန်ပို့စ်သတင်းစာကြီးမှာ အင်္ဂလိပ်လို ဆောင်းပါးရေးသူဖြစ်ပါတယ်။ ဝါရှင်တန်ပို့စ်ဆိုတာ အလကားသတင်းစာမဟုတ်ပါဘူး။ ထိုင်းနိုင်ငံထဲက တလတကြိမ် အင်္ဂလိပ်လိုထုတ်တဲ့၊ တနင်္ဂနွေနံနဲ့စတဲ့ စာစောင်လေးလို မဟုတ်ပါဘူး။ ဒီတော့ ဒီလိုလူမျိုးရေးတဲ့ အင်္ဂလိပ်စာဟာ အင်မတန်ကို အဆင့်မြင့်မြင့် လှလှပပနဲ့ ရှင်းရှင်းလင်းလင်းရှိလှပါတယ်။ ဒီစာတမ်းရဲ့နောက်ဆုံးမှာလည်း အဓိကတာဝန်ခံသူအဖြစ် မိမိနာမည်ကို ဖုံးနံပါတ်ကအစ အပြည့်အစုံထည့်ပေးထားပါတယ်။ ခိုး ကြောင်ခိုးဝှက်၊ ကြောက်ကြောက်လန့်လန့်နဲ့ရေးတဲ့စာမဟုတ်ဘဲ မိမိဇိုမီးပါတီ သာမက လွှတ်တော်ကိုယ်စားပြုကော်မတီ၊ ညီညွတ်သော တိုင်းရင်းသားမဟာမိတ်အဖွဲ့တွေကိုပါ ကိုယ်စားပြုကြောင်း အတိအလင်း ပြထားပါတယ်။ ဒါကြောင့် (၈၂) ယောက်ထဲမှာ လွှတ်တော်ကိုယ်စားပြုကော်မတီ နာမည်ခံတာ (၂) ယောက်ထဲ မဟုတ်ပါဘူး။

ဒါကြောင့် ကျနော်တို့အနေနဲ့ အခုလို ပြည်သူ့ကိုယ်စားလှယ်တွေက ထောင်နှုတ်ခမ်းနင်းပြီး အဆင့်မြင့်မြင့် ချက်ချက်ချာချာနဲ့ရေးထုတ်လိုက်တဲ့စာတမ်းကို အတွေးခေါင်တာ (သို့မဟုတ်) မယ်သီလခေါင်းသန်းရှာသလို အတင်းဖြဲရဲပြီး အကျအပေါက်တွေ ချို့ယွင်းချက်တွေလိုက်ရှာ ညည်းတွားမနေသင့်ပါဘူး။ ဘယ်လောက်ကြီး ရေပက်မဝင်အောင်ရေးတဲ့ ဥပဒေဘဲဖြစ်ဖြစ်၊ ရှေ့နေတွေ တရားသူကြီးတွေက ဟာကွက်လစ်ကွက်တွေရှာထောက်ပြီး လုပ်စားလို့ရပါတယ်။ ဝိနည်းတတ်ရင် ကြက်သတ်လို့ရတယ်ဆိုတဲ့ ဗမာစကားလည်းရှိပါတယ်။

ဒီလမ်းပြမြေပုံဟာ နအဖရဲ့ ၅/၉၆ ကို ကျော်လွှားနိုင်ဖို့အတွက် ဘန်ကီမွန်းဆီ အင်္ဂလိပ်လိုပေးစာအဖြစ် ထိုးထွင်းမှုရှိရှိနဲ့ ထက်ထက်မြက်မြက်ထုတ်တာဖြစ်တယ်။ ကုလသမဂ္ဂက ဒါကိုသဘောကျပြီး နအဖကို နားချနိုင်မယ်လို့ တကယ်ယူဆပြီး ထုတ်တာလို့ မထင်ပါဘူး။ ဒီတော့ ဒီလမ်းပြမြေပုံရဲ့ အနှစ်သာရက ... (၁) ကုလသမဂ္ဂနဲ့တကွ တရုတ်၊ ကုလား၊ ရုရှား၊ အာဆီယံတွေကို ပြည်သူ့ကိုယ်စားလှယ်တို့ရဲ့ အမြော်အမြင်ကြီးမှု၊ သဘောထားကြီးမှုပြတဲ့ စင်ပြိုင်လမ်းပြမြေပုံ (သို့မဟုတ်) လမ်းပြမြေပုံအစစ် ခင်းကျင်းပြပေးတာ။ (၂) နအဖရဲ့ ညောင်နှစ်ပင်အခြေခံဥပဒေတွေ၊ ဆန္ဒခံယူပွဲတွေ၊ လမ်းပျက်မြေပုံတွေကို ပြည်သူလူထုက လုံးဝပယ်ချပစ်ဖို့ တပ်လှန့်အချက်ပေးလိုက်တာ ဖြစ်ပါတယ်။ ဒါကြောင့် ကျန်တဲ့ ကျနော်တို့ဒီမိုကရေစီအင်အားစုတွေတာဝန်က ဒါကို ပြည်သူလူထုထဲရောက်အောင် ဖြန့်ဖို့၊ တိုက်ပွဲလှုံ့ဆော် ဖို့ ဖြစ်ပါတယ်။

နောက်တခုသတိထားဖို့ကတော့ ကျနော်တို့ရဲ့ တွေးခေါ်စဉ်းစားနည်း mind-set ဖြစ်ပါတယ်။ ကျနော်တို့ အများစုကြီးဟာ အဓိကအားဖြင့် မဆလခေတ်၊ နဝတ–နအဖခေတ်ကို ဖြတ်သန်းခဲ့ရသူတွေဖြစ်ပါတယ်။ ဒါကြောင့် ကျနော်တို့သိတဲ့ အဖွဲ့အစည်းဆိုတာ အဲဒီကာလတလျှောက် လွှမ်းမိုးကြီးစိုးခဲ့တဲ့၊ ကြီးစိုးနေတဲ့ မဆလတပါတီ (သို့မဟုတ်) စစ်တပ်ဘဲဖြစ်ပါတယ်။ တပါတီ အာဏာရှင်စနစ် (သို့မဟုတ်) စစ်အာဏာရှင်စနစ်ကိုကျင့်သုံးတဲ့ ပါတီအဖွဲ့အစည်း (သို့မဟုတ်) စစ်တပ်ဆိုတာ ဗဟိုချုပ်ကိုင်မှုကို အဓိကထားတဲ့ အဖွဲ့အစည်းတွေဖြစ်ပါတယ်။ တနည်းအားဖြင့် တသွေး –တသံ – တမိန့်စနစ် ကျင့်သုံးတဲ့အဖွဲ့တွေဖြစ်တယ်။ ဒီမိုကရေစီ ဗဟိုဦးစီးစနစ်လို့နာမည်ခံပေမယ့် ဗဟိုဦးစီးက အဓိကဖြစ်ပါတယ်။ တဦးချင်းက အဖွဲ့အစည်းကိုနာခံ၊ အောက်ဆင့်က အထက်ဆင့်ကိုနာခံ၊ တပါတီလုံးက ဗဟိုကော်မတီကိုနာခံဆိုတဲ့ ဗဟိုဦးစီးမှုကို အဓိကထားတယ်။ အနည်းစုက အများစုကိုနာခံ၊ ဗဟိုကော်မတီက ပါတီလုံးကျွတ်ကွန်ဂရက်ကိုနာခံဆိုတဲ့ ဒီမိုကရေစီမှုထက် ဗဟိုဦးစီးမှုက အားပိုကြီးပါတယ်။

ကျနော်တို့ထဲမှာ တချို့က ၁၉၆၂ မတိုင်မီ ပါလီမန်ဒီမိုကရေစီကာလကို အနည်းအကျဉ်းဖြတ်သန်းခဲ့ဖူးတာလည်း ရှိနိုင်ပါတယ်။ ဒါပေမဲ့ (၆၂) ခုမတိုင်မီ ဒီမိုကရေစီကာလဆိုတာကလည်း တင်းပြည့်ကျပ်ပြည့် လစ်ဘရယ်ဒီမိုကရေစီမဟုတ်ဘဲ အခုခေတ်နိုင်ငံရေးသိပ္ပံအသုံးအနှုန်းနဲ့ပြောရရင် ယှဉ်ပြိုင်ရေးအာဏာရှင်စနစ် Competitive Authoritarianism (သို့မဟုတ်) ရွေးကောက်ခံအာဏာရှင်စနစ် Electoral Authoritarianism မျိုးသာဖြစ်လို့ လစ်ဘရယ်ဒီမိုကရေစီပါတီ အတွေ့အကြုံကောင်းကောင်းမရနိုင်ပါဘူး။

မဆလခေတ်မှာ တခြားရွေးစရာအဖြစ်ရှိခဲ့တဲ့ ဗကပ၊ ကေအဲန်ယူ၊ အက်စ်အက်စ်အေ၊ ကေအိုင်အေ၊ မွန်ပြည်သစ်စတဲ့ တောတွင်းက လက်နက်ကိုင်တော်လှန်ရေးအဖွဲ့တွေဟာလည်း အင်မတန့်ကို ပြင်းထန်ကြမ်းတမ်းတဲ့ တော်လှန်ရေးစစ်ပွဲကို တိုက်နေရတာဖြစ်လို့ သဘာဝကျစွာဘဲ ဗဟိုချုပ်ကိုင်မှုကို အဓိကဇောင်းပေးရပါတယ်။ လစ်ဘရယ်

■ စာမျက်နှာ (ဃ) ကော်လံ (၃) သို့

# ဖွဲ့စည်းပုံဥပဒေကို တဖက်သတ်ရေးဆွဲပါက ရှစ်လေးလုံးတခုနှင့် ထပ်မံရင်ဆိုင်ရဖွယ်ရှိ



လက်ရှိအမျိုးသားညီလာခံတွင် ပြောင်းလွယ်ပြင်လွယ်သော အချက်များမပါဘဲ တင်းကြပ်လွန်းသော ဖွဲ့စည်းပုံအခြေခံဥပဒေ စည်းမျဉ်းများသာ တဖက်သတ်ရေးဆွဲနေလျှင် နောက်ထပ် (၈) လေးလုံးအရေးတော်ပုံတခုနှင့် ထပ်မံရင်ဆိုင်ရဖွယ်ရှိသည်ဟု ရှစ်လေးလုံးကျောင်းသားမျိုးဆက်များက သတိပေးလိုက်သည်။

အရေးတော်ပုံကြီး (၁၉) နှစ်ပြည့်အဖြစ် ရှစ်လေးလုံးမျိုးဆက်ကျောင်းသားများက ကြေညာချက်ထုတ်ပြန်ရာတွင် ၁၉၄၇ ဥပဒေမှာ ပြောင်းလွယ်၊ ပြင်လွယ်သောအချက်များမပါသည့်အတွက် (၈) လေးလုံး လူထုအုံကြွမှုကြီး ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း၊ နအဖ၏ ယခုညီလာခံသည်လည်း အတိတ်ကအမှားမျိုးကို တကျော့ပြန်ကျူးလွန်နေခြင်းဖြစ်သည်ဖြစ်သည်ဟု သတိပေးထားသည်။

ရန်ကုန်မြို့၊ ခြောက်ထပ်ကြီး ဘုရားဝင်းအတွင်းကျင်းပသော ရှစ်လေးလုံးအရေးတော်ပုံကြီးအောက်မေ့ဖွယ်အခမ်းအနားတွင် လူထုကိုယ်စားလှယ်များပါဝင်မှုမရှိသော အမျိုးသားညီလာခံအပေါ် ကိုမင်းကိုနိုင်က "ပြည်သူ့ဆန္ဒအစစ်အမှန်မပါဘဲရေးဆွဲခဲ့တဲ့ ၁၉၇၄ ဥပဒေဘာဖြစ်သွားသလဲ။ နောက်ဆုံးတော့ ရှစ်လေးလုံးအုံကြွမှုနဲ့ အဆုံးသတ်ခဲ့တယ်။ အခုတခါ လူထုဆန္ဒမပါဘဲ ရေးဆွဲနေပြန်ပြီ။ ဒါကြောင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုင်ရာ ဆိုးကျိုးသံသရာ ထပ်မလည်စေရေးအတွက် နိုင်ငံသားတိုင်းက တာဝန်ယူကန့်ကွက်ရမယ်"ဟု သတင်းထောက်များအား ပြောကြားသည်။

ရှစ်လေးလုံးအောက်မေ့ဖွယ်အဖြစ် တကမ္ဘာလုံးတွင် အခမ်းအနားများကျင်းပခဲ့ကြရာ ထိုင်းမြန်မာနယ်စပ်တွင် ဒီမိုကရေစီအင်အားစုများက စုပေါင်းပြီး အခမ်းအနား တရပ်ကျင်းပခဲ့သည်။

နယ်စပ်အခြေစိုက် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၏ ရှစ်လေးလုံးနှစ်ပတ်လည်ကြေညာချက်တွင် ရှစ်လေးလုံးအရေးတော်ပုံကြီးသည် ဘုံရန်သူ စစ်အုပ်စုကိုတိုက်ဖျက်ရာတွင် အင်အားစုအားလုံး တစည်းတလုံးတည်းရှိခဲ့သော လှုပ်ရှားမှုကြီးဖြစ်သည်ဟု ဖော်ပြထားသည်။

ဆက်လက်၍ တိုင်းရင်းသားအခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေး၊ လူတန်းစားပေါင်းစုံအခွင့်အရေးရရှိရေးအတွက် စစ်အုပ်စုက လက်ရှိရေးဆွဲနေသော ဖွဲ့စည်းပုံကို အပြီးတိုင် ကန့်ကွက်သွားရမည်ဟုဆိုသည်။

ရှစ်လေးလုံးအရေးတော်ပုံကြီးက မွေးဖွားပေးလိုက်သော ကျောင်းသားတပ်မတော်၏ ရှစ်လေးလုံးနှစ်ပတ်လည်နေ့ကြေညာချက်တွင် ယခုအချိန်သည် လက်နက်ကိုင်တော်လှန်ရေးနှင့် လူထုတိုက်ပွဲကို ဟန်ချက်ညီညီ ပေါင်းစပ်ရမည့်အချိန်ဖြစ်သကဲ့သို့ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုသော နိုင်ငံရေးဖြေရှင်းမှုကို အမြန်ဆုံးလုပ်ဆောင်ရမည့် အချိန်ဟု ထောက်ပြထားသည်။ ❖

■ စာမျက်နှာ (၄) ဆောင်းပါးမှ

ဒီမိုကရေစီပါတီတွေအဖြစ် ရပ်တည်လို့မဖြစ်နိုင်ပါဘူး။ ကျနော်တို့ဟာ ဒီလိုအဖွဲ့အစည်းတွေကို ဖြတ်သန်းခဲ့ရတာဖြစ်ပါတယ်။

ဒါကြောင့် ကျနော်တို့အားလုံးလိုလိုဟာ ဗဟိုချုပ်ကိုင်မှု (သို့မဟုတ်) ဒေါင်လိုက်ဖွဲ့စည်းပုံကိုဘဲ အရိုးစွဲ အသားကျနေခဲ့ကြပါတယ်။ ဗဟိုကော်မတီ (သို့မဟုတ်) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ရဲ့ အမိန့်ညွှန်ကြားချက်မရှိရင် အောက်ခြေပါတီဝင်တွေ ဘာမှသီးသန့် လွတ်လွတ်လပ်လပ်လှုပ်ရှားခွင့်မရှိဆိုတဲ့ တပါတီစနစ်စဉ်းစားတွေးခေါ်နည်းက ကျနော်တို့မှာ လွှမ်းမိုးနေတတ်ပါတယ်။

အမေရိကန်နိုင်ငံ၊ ဗြိတိန်နိုင်ငံတို့မှာ အာဏာရ ရီပတ်ဘလစ်ကန်ပါတီ၊ လေဘာပါတီ အမတ်တွေက သမတဘုရှ်၊ ဝန်ကြီးချုပ် တိုနီဘလဲတို့ရဲ့ အီရတ်ပေါ်လစီကို ကျယ်ကျယ်လောင်လောင်ကန့်ကွက်တာ၊ တပ်ရုပ်ရေးကို အတိအလင်းတောင်းဆိုတာတွေ လုပ်ကြတယ်။ ရမ်းစဖဲလ်နှုတ်ထွက်ရေးကို လူသိရှင်ကြား ဆော်သြခဲ့ကြတယ်။ ဒါတွေဟာ လစ်ဘရယ်ဒီမိုကရေစီပါတီတွေရဲ့ လက္ခဏာဖြစ်ပါတယ်။ ကျနော်တို့ရဲ့စဉ်းစားတွေးခေါ်နည်း အဟောင်းအတိုင်းဆိုရင် ဒါမျိုးတွေက ပါတီထဲမှာ ဗရမ်းဗတာဖြစ်စေတာ၊ မင်းမဲ့ဝါဒဖြစ်စေတာ၊ ညီညွတ်မှုပျက်စေတာအဖြစ် စဉ်းစားမှာဖြစ်ပါတယ်။ ဒါပေမဲ့ တကယ်တော့ ဒါတွေဟာ လစ်ဘရယ်ဒီမိုကရေစီပါတီတွေမှာ ပါတီရဲ့ဂုဏ်သိက္ခာ၊ နိုင်ငံရဲ့အကျိုးစီးပွားအတွက် ကိုယ်မြင်တဲ့ဒေါင့်ကနေ "တစက်ကျများ ပြည့်သောလားသို့" ကိုယ်ပိုင်အသိရှိရှိနဲ့ ဝိုင်းဝန်းတာဝန်ယူမှုသာဖြစ်ပါတယ်။

တပါတီစနစ် တွေးခေါ်စဉ်းစားနည်း အသိုးစွဲနေသူတွေဆိုရင် အမေရိကန်နိုင်ငံ တနိုင်ငံလုံးကို စီအိုင်အေက အရာရာချုပ်ကိုင်ထားတယ်။ ဆိုဗီယက်–တရုတ် ကွန်မြူနစ်စနစ်တွေမှာ ပေါ်လစ်ဗျူရိုက အရာရာကို ဗဟိုဦးစီးချုပ်ကိုင်ထားသလိုမျိုး အမေရိကန် တနိုင်ငံလုံးဟာ စီအိုင်အေရဲ့အလိုဆန္ဒအတိုင်းသာ လှုပ်ရှားနေရတယ်လို့ ယူဆကြတယ်။ ဒါကြောင့် စီအိုင်အေထက် ပိုပါဝါရှိတဲ့ ထောက်လှမ်းရေးအဖွဲ့ (အမျိုးသားလုံခြုံရေးအေဂျင်စီ NSA ) ကိုတောင် မမြင်နိုင်ဖြစ်ကြပါတယ်။ ဒါပေမဲ့ အမေရိကန်အရင်းရှင်စနစ်ကြီးဟာ စီအိုင်အေဘဲဖြစ်ဖြစ်၊ အဲန် အက်စ်အေဘဲဖြစ်ဖြစ် ဆိုဗီယက်–တရုတ်ကွန်မြူနစ်စနစ်တွေလို ဗဟိုကနေ ဦးစီးချုပ်ကိုင်လည်ပတ်နေတာမဟုတ်ဘဲ အရင်းရှင်ပေါင်းမြောက်မြားစွာက ကိုယ့်အသိနဲ့ကိုယ် ထိုးထွင်းမှုရှိရှိနဲ့ အလျားလိုက်လှုပ်ရှားလည်ပတ်နေခြင်းဖြစ်တယ်ဆိုတဲ့ အဓိကအကျဆုံးအချက်ကို နားမလည်နိုင်ဖြစ်ကြပါတယ်။

တချိန်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်တွေကိုယ်၌မှာလဲ သူတို့ဖြတ်သန်းခဲ့ရတဲ့ တပါတီစနစ်ပါတီ (သို့မဟုတ်) စစ်တပ်အဖွဲ့အစည်းတွေရဲ့ ဒီလိုစဉ်းစားတွေးခေါ်နည်းဟောင်းတွေ ထင်ဟပ်နေခဲ့ဖူးတယ်။ ဗဟိုခွင့်ပြုချက်မရှိဘဲ ယူအင်ဒီပီရုံးကို သွားဆွေးနွေးတောင်းဆိုသူတွေ၊ ဗဟိုညွှန်ကြားချက်မရှိဘဲ ဘုရားတက်ဆုတောင်းသူတွေကို အရေးယူတာတွေလုပ်ခဲ့ဖူးတယ်။ အခုတော့ အဲန်အယ်လ်ဒီဟာ ဒီတပါတီစနစ် (သို့မဟုတ်) စစ်တပ်ရဲ့ ဒေါင်လိုက်ဗဟိုချုပ်ကိုင်ရေး စဉ်းစားတွေးခေါ်မှု ပုံစံခွက်ဟောင်းထဲက တစတစနဲ့ လွတ်မြောက်ရင့်ကျက်လာနေပုံရပါတယ်။ သူတို့လိုဘဲ တခြားဒီမိုကရေစီအင်အားစုတွေလည်း အလျားလိုက် (သို့မဟုတ်) ကွန်ယက်ဖွဲ့စည်းပုံ လစ်ဘရယ်ဒီမိုကရေစီပါတီ စဉ်းစားတွေးခေါ်မှုပုံစံသစ်ဘက်ကို ကူးပြောင်းဖို့လိုပါတယ်။ ဗဟိုချုပ်ကိုင်ရေးကို ဦးထိပ်ထားတဲ့ အမိန့်ပေးနိုင်ငံရေးစနစ်၊ အမိန့်ပေးစီးပွားရေးစနစ်တွေ၊ အမိန့်ပေးပါတီစနစ်တွေ ပြိုကျတာ၊ ပြောင်းလဲရတာကို အလေးအနက်ဆင်ခြင်ဖို့လိုပါတယ်။

ဒါ့ကြောင့် ကျနော်တို့ ဒီမိုကရေစီအင်အားစုတွေရဲ့တာဝန်က ပြည်သူ့ကိုယ်စားလှယ်တွေရေးဆွဲတဲ့ (တနည်းအားဖြင့်) ပြည်သူတွေရေးဆွဲတဲ့၊ ပြည်သူ့အတွက်၊ ပြည်သူတွေရဲ့လမ်းပြမြေပုံ oad Map of the people, for the people, by the people ဘက်က တခဲနက်ဆော်သြပြီး စစ်ကိုလိုနီအခြေခံဥပဒေ၊ စစ်ကိုလိုနီလမ်းပြမြေပုံတို့ တိုက်ဖျက်ရေးမှသည် စစ်အာဏာရှင်စနစ် တခုလုံးဖယ်ရှားရေးအထိ တိုက်ပွဲဝင်ကြဖို့ဖြစ်ပါကြောင်း။

အဲဒါကို ပြည်တွင်းက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၉၂) ဦးနဲ့ ပြည်ပရောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၃) ဦး စုစုပေါင်း (၁၂၅) ဦးက ထောက်ခံထားပါတယ်။

ဂါမဏိ

❖

စာမျက်နှာ (က) မှ ...

ဒေမိုကြမ်းကို အတည်ပြုနိုင်ရန် ၁၉၉၀ ရွေးကောက်ပွဲများမှ ရွေးကောက်ခံလွှတ်တော် ကိုယ်စားလှယ်များဖြင့် ပါလီမန်လွှတ်တော်ခေါ်ယူကျင်းပရန်ဖြစ်ပါသည်။

(၅) အခြေခံဥပဒေသစ်နှင့်အညီ လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲကျင်းပခြင်း မှာ အဆင့် (၅) ဖြစ်ရပါမည်။

(၆) အဆင့်ခြောက်မှာ အခြေခံဥပဒေသစ်နှင့်အညီ ရွေးကောက်ပွဲမှတင်မြှောက်လိုက်သော ပါလီမန်လွှတ်တော်သစ်ကို ခေါ်ယူကျင်းပခြင်းနှင့် အစိုးရသစ်ဖွဲ့စည်းခြင်းဖြစ်ရပါမည်။ အစိုးရသစ်က အုပ်ချုပ်ရေးအာဏာကို ချက်ချင်းစတင်ကျင့်သုံးရန်ဖြစ်ပါသည်။

(၇) အဆင့် (၇) မှာ နအဖနှင့်တကွ ဆက်စပ်အဖွဲ့များဖျက်သိမ်းခြင်း၊ အခြေခံဥပဒေသစ်နှင့် အညီ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးအဆောက်အအုံများကို အုပ်ချုပ်ရေးအဆင့်တိုင်း၌ သက်ဝင်လာစေခြင်း ဖြစ်ရပါမည်။

ဂုဏ်သရေရှိလူကြီးမင်းခင်ဗျား ... ...

လူကြီးမင်းအနေနှင့် ကျွန်ုပ်တို့တိုင်းပြည်အခြေအနေနှင့်ပတ်သက်၍ နိုင်ငံတကာအသိုင်းအဝိုင်းမှ အားလုံးသဘောညီမှုရအောင် ကြိုးစားနေရာ၌၊ အထက်တွင်ဖော်ပြခဲ့သည့် အဆိုပြုချက်များကို နိုင်ငံတကာအသိုင်းအဝိုင်းသို့ တင်ပြပေးခြင်းအားဖြင့် မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေး ကူညီအကောင်အထည်ဖော်ပေးရန် လူကြီးမင်း၏အားထုတ်ချက်ကို မြှင့်တင်နိုင်မည်ဟု ကျွန်ုပ်တို့ရိုးသားစွာယုံကြည်မိပါသည်။ လက်ရှိ (၇) ဆင့် လမ်းပြမြေပုံကို နိုင်ငံတကာမှလက်ခံနိုင်မည့် ဖြစ်စဉ်တရပ်ဖြစ်လာစေရန် အထက်တွင် အကြံပြုထားသည့်အတိုင်း ပြုပြင်မွမ်းမံပေးဖို့ကိုလည်းကောင်း၊ အရှည်တည်တံ့နိုင်မည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေး အထမြောက်နိုင်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားနိုင်ငံရေးပါတီများမှ ရွေးကောက်ခံ ကိုယ်စားလှယ်တို့နှင့် လက်တွဲလုပ်ကိုင်ဖို့ကိုလည်းကောင်း လူကြီးမင်းက နအဖကိုခန့်မှန်းနိုင်သလောက် အနာဂတ်တွင် နားချနိုင်လိမ့်မည်ဟုလည်း ကျွန်ုပ်တို့မျှော်လင့်ပါသည်။

အကယ်၍ နအဖက မြန်မာပြည်သူတို့၏ တကယ့်ဆန္ဒနှင့် နိုင်ငံတကာ့အသိုင်းအဝိုင်း ၏ စိတ်စေတနာကောင်းကို ဆက်လက်လျစ်လျူရှုနေပါက ဖြစ်ပေါ်လာမည့် ရှောင်လွှဲမရနိုင်သော အမျိုးသားအကျပ်အတည်းအတွက် လုံးဝတာဝန်ရှိလိမ့်မည်ဖြစ်သည်ကို ကျေးဇူးပြု၍ မှတ်သားထားစေချင်ပါသည်။

လေးစားစွာဖြင့်

ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ (မြန်မာနိုင်ငံ)

❑ ဆက်သွယ်ရန် တာဝန်ခံပုဂ္ဂိုလ်၊
ပူကျင့်ရှင်းထန် (ဉက္ကဋ္ဌ၊ ဇိုမီးအမျိုးသားကွန်ဂရက်)
လွှတ်တော်ကိုယ်စားလှယ်၊ တီးဒိန် – (၂) မဲဆန္ဒနယ်၊ ချင်းပြည်နယ်။ အဖွဲ့ဝင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP)အဖွဲ့ဝင်။ ညီညွတ်သောတိုင်းရင်းသားလူမျိုးများမဟာမိတ်အဖွဲ့ (UNA)။
အမှတ် ၃၄၊ ပထမထပ်၊ ၅၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်၊ မြန်မာနိုင်ငံ။ (ဖုန်း) ၂၉၃ ၅၈၅။ အီးလ်မေး၊ znc1989@gmail.com